ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန


# မျိုးစေ့ဥပဒေဆိုင်ရာသိကောင်းစရာများ


ဒေါက်တာသန်းထွေး
ဦးစီးအရာရှိ
မျိုးစေ့ဌာနခွဲ


# ရည်ရွယ်ချက်

မျိုးစေ့ဥပဒေ၊ မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများအား မျှဝေရန်

| | မျိုးစေ့ဥပဒေ | ပြင်ဆင်သည့် ဥပဒေ | လုပ်ထုံးလုပ်နည်းများ |
|---|---|---|---|
| ဥပဒေ အမှတ် | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်<br>ဖွံ့ဖြိုးရေးကောင်စီ<br>ဥပဒေအမှတ် ၊ ၁/ ၂၀၁၁ | ၂၀၁၅ ခုနှစ်၊<br>ပြည်ထောင်စုလွှတ်တော်<br>ဥပဒေအမှတ် ၅။ | ၂၀၁၆ ခုနှစ်၊ လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန<br>အမိန့်ကြော်ငြာစာအမှတ်၊ ၆/၂၀၁၆ |
| ပြဋ္ဌာန်းသည့်<br>နေ့ရက် | (၇.၁.၂၀၁၁)<br>(၁၃၇၂ ခုနှစ်၊<br>ပြာသိုလဆန်း ၃ ရက်) | (၁၈.၂.၂၀၁၅)<br>(၁၃၇၆ ခုနှစ်၊<br>တပေါင်းလဆန်း ၁ ရက်) | (၂၃.၂.၂၀၁၆)<br>(၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်) |
| စတင်အာဏာ<br>တည်သည့်နေ့ | (၇.၁.၂၀၁၃) | (၁၈.၂.၂၀၁၅) | (၂၃.၂.၂၀၁၆) |



# မျိုးစေ့ဥပဒေ၏ရည်ရွယ်ချက်များ

- မျိုးသန့်မျိုးစေ့ကိုအသုံးပြု၍ သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်၏စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေရန်၊
- မျိုးစေ့လုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်နိုင်ရန်နှင့် ယင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်နိုင်ရန်၊
- အစိုးရဌာန၊ အဖွဲ့အစည်းနှင့်ပုဂ္ဂလိကများက မျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့သုတေသနပြုလုပ်ခြင်းတို့တွင် ပါဝင်ဆောင်ရွက်နိုင်ရေးကို အားပေးရန်၊
- မျိုးစေ့လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့ အစည်းများနှင့် ပုဂ္ဂလိကများ ပူးပေါင်းဆောင်ရွက်နိုင်ရန်။

# (က) အဓိကတာဝန်ယူဆောင်ရွက်သည့် အဖွဲ့အစည်းများ

**မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ**

**(National Seed-related Committee)**

**(၁၈) ဦး**

**(၁၃.၈.၂၀၂၄) ရက်စွဲပါ**

**အမိန့်ကြော်ငြာစာအမှတ် ၂၈၇/၂၀၂၄**

**ဥက္ကဋ္ဌ**

ဒုတိယဝန်ကြီး

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**ဒုတိယဥက္ကဋ္ဌ**

အမြဲတမ်းအတွင်းဝန်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**အတွင်းရေးမှူး**

ညွှန်ကြားရေးမှူးချုပ်

စိုက်ပျိုးရေးဦးစီးဌာန

**တွဲဖက်အတွင်းရေးမှူး**

ညွှန်ကြားရေးမှူး

မျိုးစေ့ဌာနခွဲ

**အဖွဲ့ဝင်များ**

အစိုးရဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ

# (ခ)

# အဓိကတာဝန်ယူဆောင်ရွက်သည့်အဖွဲ့အစည်းများ

**မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ**
**(Technical Seed Committee)**

(၂၁) ဦး

(၁၀.၁၂.၂၀၂၁) ရက်စွဲပါ
အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၂၁

**ဥက္ကဋ္ဌ**
ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးဦးစီးဌာန


**ဒုတိယဥက္ကဋ္ဌ**
ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးသုတေသနဦးစီးဌာန

**အတွင်းရေးမှူး**
ညွှန်ကြားရေမှူး
မျိုးစေ့ဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန

**တွဲဖက်အတွင်းရေးမှူး**
ညွှန်ကြားရေးမှူး
စပါးသီးနှံသုတေသနဌာနခွဲ၊
စိုက်ပျိုးရေးသုတေသနဦးစီးဌာန

**အဖွဲ့ဝင်များ**
အစိုးရဌာန အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးများ/
ကျွမ်းကျင်ပညာရှင်များ

# ကော်မတီ အဖွဲ့များနှင့် သီးနှံကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များ



# မျိုးစေ့ဥပဒေအရ ဆောင်ရွက်လျှက်ရှိသည့် လုပ်ငန်းများ-

- မျိုးသစ်အသိအမှတ်ပြုလက်မှတ်
- မျိုးစေ့အရည်အသွေးစစ်ဆေးခန်းမှတ်ပုံတင်လက်မှတ်
- မျိုးစေ့လုပ်ငန်းလိုင်စင်
- မျိုးစေ့တင်သွင်း၊ တင်ပို့ခွင့်ထောက်ခံချက်



# အသိအမှတ်ပြုလက်မှတ်ရရှိရန်ရည်ရွယ်၍ စမ်းသပ်စိုက်ပျိုးခွင့် လျှောက်ထားရမည့် ဦးစားပေးသီးနှံ (၁၃) မျိုး

| စဉ် | နှံစား | ပဲမျိုးစုံ | ဆီထွက် | ဟင်းသီး ဟင်းရွက် | စက်မှုသီးနှံ |
|---|---|---|---|---|---|
| ၁။ | စပါး | မတ်ပဲ | မြေပဲ | ဂေါ်ဖီထုပ် | ဝါ |
| ၂။ | ပြောင်း | ပဲတီစိမ်း | နေကြာ | ပန်းမုန်လာ | ရော်ဘာ |
| ၃။ | | ကုလားပဲ | နှမ်း | | |
| ၄။ | | ပဲစဉ်းငုံ | | | |

# Document ဖြင့်တင်ပြလျှောက်ထားရမည့်သီးနှံများ

ဦးစားပေးသီးနှံ (၁၃) မျိုးမှလွဲ၍ -

ရာသီသီးနှံများ၊

မိဘမျိုးလိုင်းများနှင့်

နှစ်ရှည်သီးနှံများ



# မျိုးသစ် အသိအမှတ်ပြု လက်မှတ်ခ

<table>
<tr><th>စဉ်</th><th colspan="2">သီးနှံအုပ်စုအမည်</th><th>သက်တမ်း (နှစ်)</th><th>အသိအမှတ်ပြုလက်မှတ်ခ (ကျပ်)</th></tr>
<tr><td>၁။</td><td colspan="2">လယ်ယာသီးနှံ</td><td>၁၀</td><td>၅၀၀,၀၀၀</td></tr>
<tr><td rowspan="2">၂။</td><td rowspan="2">ဥယျာဉ်ခြံသီးနှံ</td><td>(က) ဟင်းသီးဟင်းရွက်မျိုးများ</td><td>၁၀</td><td>၃၀၀,၀၀၀</td></tr>
<tr><td>(ခ) သစ်သီးဝလံမျိုးများ</td><td>၁၀</td><td>၅၀၀,၀၀၀</td></tr>
<tr><td>၃။</td><td colspan="2">နှစ်ရှည်သီးနှံ</td><td>၁၀</td><td>၅၀၀,၀၀၀</td></tr>
<tr><td>၄။</td><td colspan="2">မိဘမျိုးလိုင်း</td><td>၁၀</td><td>၃၀၀,၀၀၀</td></tr>
</table>

မှတ်ချက်။ မျိုးတစ်မျိုးချင်းအလိုက်ပေးသွင်းရန်

မျိုးစေ့ဆိုင်ရာအမျိုးသား
ကော်မတီမှ
အသိအမှတ်ပြုလက်မှတ်
ထုတ်ပေးခဲ့သည့်မျိုးများ
(၂၉.၄.၂၀၂၅ ထိ)

| စဉ် | သီးနှံအုပ်စု | အသိအမှတ်ပြုလက်မှတ် အရေအတွက် | |
|---|---|---|---|
| | | အသစ် | သက်တမ်းတိုး |
| ၁။ | လယ်ယာသီးနှံ | ၇၂၄ | ၃၁ |
| ၂။ | ဥယျာဉ်ခြံသီးနှံ | ၉၃၈ | ၈ |
| ၃။ | စက်မှုသီးနှံ | ၁၃၂ | ၄ |
| ၄။ | မိဘမျိုးလိုင်းများ | ၂၃၉ | - |
| | စုစုပေါင်း | ၂၀၃၃ | ၄၃ |

# မျိုးစေ့လုပ်ငန်းလိုင်စင်

# မျိုးစေ့လုပ်ငန်းလိုင်စင်

## သီးနှံအုပ်စုတစ်ခုချင်းအလိုက် လိုင်စင်သီးခြားလျှောက်ထားရန်

1) လယ်ယာသီးနှံအုပ်စု (စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံ...)

2) ဥယျာဉ်ခြံသီးနှံအုပ်စု (ငရုတ်၊ ခရမ်းချဉ်၊...)

3) စက်မှုသီးနှံအုပ်စု (ဝါ၊ ကြံ၊...)

***သီးနှံအုပ်စုများတွင်ပါဝင်သော သီးနှံများအား http://www.myanmarseedportal.gov.mm/တွင်ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

# မျိုးစေ့လုပ်ငန်းလိုင်စင်

## လျှောက်ထားရာတွင် ပူးတွဲရန်လိုအပ်သည့်အချက်များ




- ပတ်စပို့အရွယ်ဓာတ်ပုံ (1.3’’ x 1.1’’)
- မှတ်ပုံတင်(ရှေ့ဘက်၊ ကျောဘက်)၊
- အိမ်ထောင်စုစာရင်း /ကုမ္ပဏီမှတ်ပုံတင်၊
  တင်သွင်း၊တင်ပို့မှတ်ပုံတင်၊ကုမ္ပဏီအဖွဲ့ဝင်စာရင်း(BOD)
- ဖြန့်ဖြူးရောင်းချမည့် မျိုးစေ့အိတ်ခွံ (ရှေ့ခြမ်း၊ နောက်ခြမ်း)
- မျိုး၏မှတ်တမ်းဓာတ်ပုံ၊ မျိုးစေ့ဝယ်ယူထားသည့်အထောက်အထား



# မျိုးစေ့ထုတ်ပိုးသည့် အိတ်ခွံပေါ်တွင် ထည့်သွင်းဖော်ပြရမည့်အချက်များ

## အိတ်ခွံရှေ့ခြမ်း

၁။ ကုမ္ပဏီအမည်

၂။ ကုမ္ပဏီအမှတ်တံဆိပ်

၃။ မျိုးအမည်

၄။ မျိုး၏ဓါတ်ပုံ

၅။ ဆက်သွယ်ရန်လိပ်စာ(အပြည့်အစုံ)

## အိတ်ခွံနောက်ခြမ်း

**၆။ မျိုးစေ့အရည်အသွေးစံချိန်စံညွှန်းများ**

- ❖ မျိုးစေ့အဆင့်- ……………
- ❖ မျိုးစေ့သန့်စင်မှု- ……… %
- ❖ အပင်ပေါက်ရာခိုင်နှုန်း- ……… %
- ❖ အစိုဓါတ်ရာခိုင်နှုန်း- ……………… %

၇။ သုံးစွဲရန်အညွှန်းစာ (အိတ်ခွံအပေါ်တွင်ဖော်ပြရန် မလုံလောက်ပါက အိတ်အတွင်း၌ဖြစ်စေ၊ လက်ကမ်းကြော်ငြာစာများဖြင့်ဖြစ်စေ ဖော်ပြရန်)

၈။ မျိုးနှင့်ပတ်သက်၍ သတိပြုရမည့်အချက်များ- ………

၉။ မျိုးစေ့မှတ်ပုံတင်အမှတ် - ……………

၁၀။ မျိုးစေ့လုပ်ငန်းလိုင်စင်အမှတ် - ……………


၁၁။ မျိုးစေ့အရည်အသွေးစမ်းသပ်သည့် ရက်စွဲ-

၁၂။ မျိုးစေ့ထုတ်ပိုးသည့် ရက်စွဲ-…………………

၁၃။ သက်တမ်းကုန်ဆုံးမည့်ရက်စွဲ - …………

၁၄။ မျိုးစေ့အလေးချိန် (သို့မဟုတ်) ပမာဏ _







မျိုးစေ့မှတ်ပုံတင်နံပါတ်
Cn 2015 -315

စံချိန်စံညွှန်း

| အိတ်ခွံရှေ့ခြမ်း | အိတ်ခွံ နောက်ခြမ်း |
| --- | --- |




GSR
GSR


SB-Pd CK 000175/2018
Aug-2022
Aug-2023

# မျိုးစေ့လုပ်ငန်းလိုင်စင်ခ

| စဉ် | သီးနှံအုပ်စု အမည် | လိုင်စင် သက်တမ်း (နှစ်) | လိုင်စင်ခ (ကျပ်) | လိုင်စင်သက်တမ်း တိုးမြှင့်ခ (ကျပ်) |
|---|---|---|---|---|
| ၁။ | လယ်ယာသီးနှံ | ၅ | ၃၀၀,၀၀၀ | ၃၀၀,၀၀၀ |
| ၂။ | ဥယျာဉ်ခြံသီးနှံ | ၅ | ၃၀၀,၀၀၀ | ၃၀၀,၀၀၀ |
| ၃။ | စက်မှုသီးနှံ | ၅ | ၃၀၀,၀၀၀ | ၃၀၀,၀၀၀ |



မျိုးစေ့လုပ်ငန်းလိုင်စင် (အသစ်)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ

မျိုးစေ့လုပ်ငန်းလိုင်စင်

ရက်စွဲ ၁၄.၂၀၂၄

၁။ လိုင်စင်အမှတ်စဉ် 00001 / 30 March 2024 ရက်စွဲပါ လျှောက်လွှာအမှတ် RSBL-000001 ဖြင့် မျိုးစေ့လုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ရရှိရန် လျှောက်ထားသော အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား မျိုးစေ့ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဂ)အရ မျိုးစေ့လုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်အား ထုတ်ပေးလိုက်သည်။

၂။ မျိုးစေ့လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားသူ

| | |
|---|---|
| (က) အမည် | U MAUNG THIN |
| (ခ) ကုမ္ပဏီအမည် | Thwin ပေါင်းစည်းလယ်ယာ |
| (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ နိုင်ငံခြားသားမှတ်ပုံတင်အမှတ်/ | 9/TAKANA(N)098739 |
| (ဃ) လူမျိုး၊ နိုင်ငံသား | Myanmar |
| (င) ပညာအရည်အချင်း | |
| (စ) အမြဲတမ်းနေရပ်လိပ်စာ | ကွင်းအမှတ်(၁၂၇၀)၊ ညောင်လွန့်ကျေးရွာ တပ်ကုန်းမြို့ နေပြည်တော် ပြည်ထောင်စုနယ်မြေ |
| ဖုန်း | 092173838 |
| ဖက်(စ်) | |
| E-mail | thwin092@gmail.com |
| (ဆ) လုပ်ငန်းအတွေ့အကြုံ | |

| | |
|---|---|
| ၃။ သီးနှံအုပ်စု | Field Crops |
| ၄။ လိုင်စင်အမှတ် | RSB- Fc:Pd/St 000163/2024 (1) |
| ၅။ လိုင်စင်ထုတ်ပေးသည့်နေ့ရက် | ၁.၄.၂၀၂၄ |
| ၆။ လိုင်စင်သက်တမ်းကုန်ဆုံးမည့်နေ့ရက် | ၃၁.၃.၂၀၂၆ |



ဥက္ကဋ္ဌ
မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ

မျိုးစေ့လုပ်ငန်းလိုင်စင် (သက်တမ်းတိုး)

# မျိုးစေ့လုပ်ငန်းလိုင်စင်ပါစည်းကမ်းချက်များ

| စည်းကမ်းချက်များ |
| --- |
| ၁။ မျိုးစေ့လုပ်ငန်း၏ လိုင်စင်သက်တမ်းသည်ထုတ်ပေးသည့်နေ့မှစ၍ (၅) နှစ် ဖြစ်သည်။ |
| ၂။ မျိုးစေ့လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသို့ လျှောက်ထားရမည်။ |
| ၃။ လိုင်စင်တွင် ဖော်ပြထားသော သီးနှံအုပ်စုကိုသာ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချရမည်။ |
| ၄။ ဖော်ပြပါ သီးနှံအုပ်စုအပြင် ထပ်မံ၍ အခြားသီးနှံအုပ်စုများ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချလိုပါက လိုင်စင်အသစ် ထပ်မံတင်ပြလျှောက်ထားရမည်။ |
| ၅။ မျိုးစေ့ဝယ်ယူသူများ၏ အမည်နှင့်နေရပ်လိပ်စာကိုရေးမှတ်ပြီး ပြေစာများဖြင့် ရောင်းချရမည်။ |
| ၆။ မျိုးစေ့၏ မူလစံချိန်စံညွှန်းနှင့် ကိုက်ညီခြင်းမရှိသော မျိုးစေ့ကို ဖြန့်ဖြူး ရောင်းချခြင်း မပြုရ။ |
| ၇။ ပြည်တွင်းတွင် မျိုးစေ့ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် မျိုးစေ့အရည်အသွေးစစ်ဆေးမှုခံယူပြီး သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ပြည့်မီသောမျိုးစေ့ကိုသာ ဖြန့်ဖြူးရောင်းချရမည်။ |
| ၈။ ပြည်ပမှမျိုးစေ့တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်ပြည့်မီသော မျိုးစေ့ကိုသာ တင်သွင်းဖြန့်ဖြူး ရောင်းချရမည်။ |
| ၉။ မျိုးစေ့ထုပ်ပိုးထားသော သို့မဟုတ် ထည့်သွင်းထားသော ပစ္စည်းပေါ်တွင် **မျိုးစေ့ဥပဒေ ပုဒ်မ၁၈ ပုဒ်မခွဲ (ဃ)ပါ** အချက်အလက်များကို မှန်ကန်စွာဖော်ပြရမည်။ |

# လိုင်စင်ရရှိသူသည်

| | | |
|---|---|---|
| **ပုဒ်မ ၁၈။** | (က) | ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။ |
| | (ခ) | လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည်။ |
| | (ဂ) | မျိုးစေ့ကို မျိုးစေ့စိုက်ခင်းတွင်သော်လည်းကောင်း၊ မျိုးစေ့အရည်အသွေး စစ်ဆေးခန်းတွင် သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ မျိုးစေ့အရည်အသွေးစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုကိုခံယူရမည်။ |

# မျိုးစေ့ထုတ်ပိုးသည့် အိတ်ခွံပေါ်တွင် ထည့်သွင်းဖော်ပြရမည့်အချက်များ
## ပုဒ်မ ၁၈ (ဃ)

### အိတ်ခွံရှေ့ခြမ်း

၁။ ကုမ္ပဏီအမည်

၂။ ကုမ္ပဏီအမှတ်တံဆိပ်

၃။ မျိုးအမည်

၄။ မျိုး၏ဓါတ်ပုံ

၅။ ဆက်သွယ်ရန်လိပ်စာ(အပြည့်အစုံ)

### အိတ်ခွံနောက်ခြမ်း

၆။ မျိုးစေ့အရည်အသွေးစံချိန်စံညွှန်းများ

- ❖ မျိုးစေ့အဆင့်- ……………..
- ❖ မျိုးစေ့သန့်စင်မှု- ……… %
- ❖ အပင်ပေါက်ရာခိုင်နှုန်း- ……… %
- ❖ အစိုဓါတ်ရာခိုင်နှုန်း- ……………… %

၇။ သုံးစွဲရန်အညွှန်းစာ (အိတ်ခွံအပေါ်တွင်ဖော်ပြရန် မလုံလောက်ပါက အိတ်အတွင်း၌ဖြစ်စေ၊ လက်ကမ်းကြော်ငြာစာများဖြင့်ဖြစ်စေ ဖော်ပြရန်)

၈။ မျိုးနှင့်ပတ်သက်၍ သတိပြုရမည့်အချက်များ- ………

၉။ မျိုးစေ့မှတ်ပုံတင်အမှတ် - ……………

၁၀။ မျိုးစေ့လုပ်ငန်းလိုင်စင်အမှတ် - ……………

၁၁။ မျိုးစေ့အရည်အသွေးစမ်းသပ်သည့် ရက်စွဲ-

၁၂။ မျိုးစေ့ထုတ်ပိုးသည့် ရက်စွဲ-…………………

၁၃။ သက်တမ်းကုန်ဆုံးမည့်ရက်စွဲ - …………

၁၄။ မျိုးစေ့အလေးချိန် (သို့မဟုတ်) ပမာဏ _

# စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

**ပုဒ်မ ၂၂။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည် ပုဒ်မ (၁၈)ပါ အချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော လိုင်စင်ရရှိသူအား-**

ခွင့်ပြုထားသော မျိုးစေ့လုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊

ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး သက်ဆိုင်ရာ မျိုးစေ့လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

လိုင်စင်ကို ကာလအကန့်အသတ်ဖြင့်ဆိုင်းငံ့ခြင်း၊

ပထမအကြိမ် ပျက်ကွက်ပါက - ခွင့်ပြုထားသော မျိုးစေ့လုပ်ငန်းကို (၃) လ မှ (၆) လ ယာယီရပ်ဆိုင်း၊

ဒုတိယအကြိမ်ပျက်ကွက်ပါက - လိုင်စင်ကို (၁) နှစ်မှ (၃) နှစ် ဆိုင်းငံ့

လိုင်စင်ကိုပယ်ဖျက်ခြင်း။

# တားမြစ်ချက်များ

**(ပုဒ်မ ၂၄)**

မည်သူမျှ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားခြင်းမရှိသော အပင်မျိုးသစ်ကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်းမပြုရ။

**(ပုဒ်မ ၂၅)**

မည်သူမျှလိုင်စင်မရှိဘဲ မျိုးစေ့လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

**(ပုဒ်မ ၂၆)**

မျိုးစေ့အရည်အသွေးအာမခံချက်နှင့် ကိုက်ညီခြင်းမရှိသော၊ မျိုးစေ့အရည်အသွေးစစ်ဆေးမှုခံယူခြင်းမပြုရသေးသော မျိုးစေ့များကို ဖြန့်ဖြူးခြင်းမပြုရ။

**(ပုဒ်မ ၂၇)**

မှတ်ပုံတင်လက်မှတ်မရှိဘဲ မျိုးစေ့အရည်အသွေးစစ်ဆေးခန်းကို ဖွင့်လှစ်ခြင်းမပြုရ။

# ပြစ်မှုပြစ်ဒဏ်များ

**(ပုဒ်မ ၂၈) ပုဒ်မ ၂၄၊ ၂၅ သို့မဟုတ် ၂၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ပါက -**
ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ထို့ပြင် သက်သေခံ ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

**(ပုဒ်မ ၂၉) ပုဒ်မ ၂၇ ပါတားမြစ်ချက်ကို ဖောက်ဖျက်ပါက -**
ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။ ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။




**website: www.myanmarseedportal.gov.mm**

# ကျေးဇူးတင်ပါသည်